တံပ်ဒွံ္ဒရိပိုန်လောတ်ကမိုန်တအာင်း

**Palaung State Liberation Front**

**"SSPP/SSA အပေါ် ထိုးစစ်ဆင်တိုက်ခိုက်နေသည့် မြန်မာ့တပ်မတော်၏ စစ်ရေးအကြမ်းဖက်မှုလုပ်ရပ်ကို**

**ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။"**

သဘောထားထုတ်ပြန်ချက်အမှတ် (၉/၂၀၁၅)

၁၄ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်

၁။ SSPP/SSA အဖွဲ့အစည်း၏ ဝမ်ဟိုင်းဌာနချုပ်နှင့် မိုင်းရှူး၊ ကျေးသီး၊ မိုင်းနောင် မြို့နယ်များအတွင်းရှိ ရှမ်းပြည်တပ်မတော်၏ စစ်စခန်းများအပြင် သာသနိကအဆောက်အအုံနှင့် ဒေသခံစစ်ဘေးသင့်ဒုက္ခသည်များ ရှိရာနေရာဒေသများကို ဦးတည်ပြီး လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့်တရစပ်ပစ်ခတ်မှုများ ပြုလုပ်နေသည့် မြန်မာအစိုးရ/မြန်မာ့တပ်မတော်၏ စစ်ရေးအကြမ်းဖက်မှုလုပ်ရပ်ကို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A မှ အပြင်းအထန် ကန့်ကွက်ရှုတ်ချပါသည်။

၂။ P.S.L.F/T.N.L.A သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကာလ နိုင်ငံရေးအလှည့်အပြောင်းတစ်ခုကို ငဲ့ပြီးစဉ်းစားသည့်အတွက် မိမိတို့ တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများအတတ်နိုင်ဆုံးလျှော့ချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း မြန်မာ့တပ်မတော်မှ ဆက်တိုက်အပြင်းအထန် ထိုးစစ်ပြုလုပ်လာသဖြင့် နစ်ဖက်ထိတွေ့မှု တိုက်ပွဲများပိုမိုပြင်းထန်လာရပါသည်။ EAOs တိုင်းရင်းသားအဖွဲ့ ၈ ဖွဲ့နှင့် NCA အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း မြန်မာ့တပ်မတော်မှာ လက်မှတ်မထိုးသည့် မိမိတို့EAOs အဖွဲ့အစည်းများအား ပိုမို ထိုးစစ်ဆင်လာပါသည်။

၃။ ၂၀၁၅ ရွေးကောက်ပွဲတွင် ယင်းတို့၏ လက်ကိုင်ပါတီအရေးနိမ့်ပြီးနောက်ပိုင်း ပြည်တွင်းစစ်မီးကို ပိုမိုအရှိန်မြှင့်ရန်အတွက် မိမိတို့တိုင်းရင်းသားတပ်ဖွဲ့များ၏ အခြေစိုက်စခန်းများအပြင် ဒေသခံလူထုများကိုလည်း ရည်ရွယ်ချက်ရှိစွာ တိုက်ခိုက်နေလျက်ရှိပါသည်။ လက်ရှိ ဦးသိန်းစိန် အစိုးရနှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာ့တပ်မတော်သည် မြန်မာ့စစ်ခေါင်းဆောင်များ၏ စစ်အာဏာကြီးစိုးရေးအတွက် မြန်မာနိုင်ငံကို ပြည်တွင်းစစ်မီးတောက်ကြီးဆီသို့ ဆက်တိုက်တွန်းပို့ ဖန်တီးနေပါသည်။

၄။ ထို့ကြောင့် စစ်ရေးအကြမ်းဖက်မှုကြီးများပြုလုပ်ပြီး မြန်မာနိုင်ငံ၏ပြည်တွင်းစစ်မီး ပိုမိုရှည်ကြာစွာတောက်လောင်ရန် နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ ဦးတည်လုပ်ဆောင်နေသည့် လက်ရှိမြန်မာ့တပ်မတော်၏ လုပ်ရပ်ကို အပြင်းအထန် ကန့်ကွက်ရှုတ်ချကြောင်း မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A ၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**